E.N.C. Ethnic Nationalities Council (Union of Burma)
တိုင်းရင်းသားလူမျိုးများကောင်စီ (ပြည်ထောင်စုမြန်မာနိုင်ငံ)

**P. O. Box - 49, Chiang Mai University, Chiang Mai, 50202, THAILAND**
**Email: <office@encburma.org>, http:// www.encburma.org**

Statement No. 7/ 2007

# ပြည်တွင်းသံဃာတော်များ ကျောင်းသားပြည်သူများတို့၏ ဆန္ဒထုတ်ဖော်ပြသမှုအပေါ် နအဖစစ်အစိုးရမှ ခြိမ်းခြောက်သတိပေးမှုနှင့် ပတ်သက်၍ တိုင်းရင်းသားလူမျိုးများကောင်စီ (ပြည်ထောင်စုမြန်မာနိုင်ငံ) ၏ သဘောထား ထုတ်ပြန်ကြေငြာချက်။

ဆရာတော်၊ သံဃာတော်များ၊ ကျောင်းသားပြည်သူများခင်ဗျား–

ဖက်ဆစ်ဆန်သော စစ်အာဏာရှင်အစိုးရသည် ငြိမ်းငြိမ်းချမ်းချမ်းဆန္ဒပြထုတ်ဖော်နေသော ရဟန်းသံဃာတော်များအား ဓမ္မစက်နှင့်မထိန်းနိုင်လျှင် အာဏာစက်နှင့် နှိမ်နင်းမည်ဟု စက်တင်ဘာလ (၂၅) ရက်က ခြိမ်းခြောက်ခဲ့သည့်အပေါ် မိမိတို့ **တိုင်းရင်းသားလူမျိုးများကောင်စီ (ပြည်ထောင်စုမြန်မာနိုင်ငံ)** မှ စိုးရိမ်ပူပင်မိပါသည်– ဘုရား။

ယခုကဲ့သို့ ငြိမ်းချမ်းစွာဆန္ဒပြနေသော ရဟန်းသံဃာတော်များအား စစ်အာဏာရှင်အစိုးရအနေနှင့် အာဏာသုံးပြီး အကြမ်းဖက်ခြင်းလုပ်ရပ်ကိုလုံးဝမလုပ်သင့်ပါ။ ပြည်သူအများ၏လေးစားယုံကြည်သော ကိုးကွယ်သူများကို အင်အားသုံးအကြမ်းဖက် စော်ကားခဲ့လျှင် ပြည်သူ့တပ်မတော်သားများ၊ ပြည်သူ့ရဲများ၊ ပြည်သူ့ဝန်ထမ်း များအပါအဝင် ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများမှလည်း လုံးဝ လက်မခံသည့် အပြင် လက်ပိုက်ကြည့်နေမည် မဟုတ်ကြောင်း သတိပေးလိုက်ပါသည်။

စစ်အစိုးရအနေနှင့် နိုင်ငံတော်အား အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို တည်ဆောက်လိုလျှင် ရဟန်းသံဃာတော်နှင့် ပြည်သူတရပ်လုံး၏ဆန္ဒတောင်းဆိုချက် ဖြစ်သော ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားများအားလုံး လွှတ်ပေးရေး၊ နိုင်ငံရေးတွေ့ဆုံဆွေးနွေးရေး စသော တောင်းဆိုချက်များကို အမြန်ဆုံးလိုက်လျောသင့်ပါသည်။

ရဟန်းသံဃာတော်များဦးဆောင်မှုဖြင့် ငြိမ်းငြိမ်းချမ်းချမ်း ဆန္ဒပြတောင်းဆိုမှုသည် ယခုအခါ နိုင်ငံရေးပါတီအဖွဲ့အစည်းများမှပုဂ္ဂိုလ်ကြီးများ၊ ပြည်သူ့ကိုယ်စားလှယ်တော်ကြီးများ၊ စာပေနှင့်အနုပညာရှင်ကြီးများ၊ ကျောင်းသားကျောင်းသူများနှင့် ပြည်သူတရပ်လုံးက တနိုင်ငံလုံးအနှံ့ ပူးပေါင်းလာကြ ပြီး ဖြစ်ပါသည်။

ထို့ကြောင့် မိစ္ဆာဒိဋ္ဌိအယူလက်ခံသူ ကျဆုံးရေး၊ စစ်အာဏာရှင်စနစ်ဖြုတ်ချရေး တိုက်ပွဲတွင် ပြည်သူတရပ်လုံး၏အောင်ပွဲပန်းတိုင်ရောက်လုနီးနီးတွင် ဇွဲရှိရှိ–သတ္တိစိတ်ဓါတ်ခိုင်ခိုင်မာမာဖြင့် ဆက်လက်တိုက်ပွဲဝင်ကြပါရန် မိမိတို့ တိုင်းရင်းသားလူမျိုးများကောင်စီ (ပြည်ထောင်စုမြန်မာနိုင်ငံ) (ENC) မှ အလေးအနက် တိုက်တွန်းအပ်ပါသည်။

တိုင်းရင်းသားလူမျိုးများကောင်စီ
(ပြည်ထောင်စုမြန်မာနိုင်ငံ)

ရက်စွဲ။ ။ သက္ကရာဇ် (၂၀၀၇) ခုနှစ်၊ စက်တင်ဘာလ (၂၅) ရက်။

Contact Persons:
(1) Dr. Lian H. Sakhong (081- 029 6100)
(2) Saw David Taw (081- 306 4351)
(3) Nai Mehm Thein Gha (089- 262 9256)